ဝန်ရင်း
Read on the move




# ခေါင်းဆောင်မှု အရည်အသွေးနှင့် စိတ်ပညာ ဆောင်းပါးများ

## ချစ်နိုင် (စိတ်ပညာ)

# စာရေးသူ အမှာ

“တစ်ကိုယ်က ခေါင်းဆောင်ပါ

တစ်ရာမှာ ခေါင်းဆောင်မဲ့။

တစ်ရာကို တစ်ကိုယ်စိုးလို့

မိုးနိုင်ပါရဲ့ ”

မြန်မာစာဆိုပညာရှိကြီးတစ်ဦး ရေးခဲ့ဖူးသော ဒွေးချိုး ကလေးတစ်ပုဒ်က ခေါင်းဆောင်မှု ရှိ ခြင်းကြောင့် မိမိထက် အရေအတွက် အဆများ စွာ သာလွန်သော အခြားအဖွဲ့ကို စိုးမိုးနိုင်နင်းနိုင် ကြောင်း ဖော်ပြခဲ့သည်။ ခေါင်းဆောင်ကောင်းသော အုပ်စုသည် အောင်မြင်၏ ။ တိုးတက်၏ ။ ဖွံ့ဖြိုး ၏ ။ သာယာ၏ ။ အေးချမ်း၏ ။ ခေါင်းဆောင် ညံ့ဖျင်းသော အအုပ်အသင်းသည် ကျရှုံးရ၏ ။ ဆုတ် ယုတ်ရ၏ ။ မဖွံ့ဖြိုး ၊ မသာယာ၊ မအေးချမ်းနိုင်။

ခေါင်းဆောင်မှု ပြည့်ဝကောင်းမွန်သော အချိန်အခါတွင် ထိုနိုင်ငံ၊ ထိုတိုင်းပြည်သည် ဝပြောစည်ပင်၏ ။ ခေါင်းဆောင်မှု အရည်အသွေး နိမ့်ကျသောကာလ၌ မူ သူ့ကျွန်ဘဝ လက်အောက်ခံနိုင်ငံအဖြစ် ဖိနှိပ်သွေးစုပ် အမြတ်ထုတ်ခြင်းကို ခံရတတ်၏ ။

လူ့အဖွဲ့အစည်းအတွင်းရှိ အခြေခံအကျဆုံး ယူနစ်တစ်ခုဖြစ်သည့် မိသားစု၊ အိမ်ထောင်စု တစ်ခုကိုပင် နမူနာကြည့်၊ အဖ၊ အမဟူသော အိမ်ဦးနတ်သခင်နှင့် လူကြီးသူမတို့က အကွပ်အကဲ အစီအမံကောင်းပါက သားသမီးများ ၏ ပညာရေး၊ ကျန်းမာရေး၊ ဆက်ဆံရေး ကောင်းမွန်ချောမွေ့ ကာ တင့်တယ်သည်၊ ဝင့်ထယ်နိုင်သည်။ ကြွယ်ဝချမ်းသာ စိတ်ချမ်းသာကြသည်။ အဖက အရက် သောက်၊ မိခင်က ဖဲရိုက်၊ သားသမီးများ အမှာ းပြုသော် မဆုံးမ၊ ထိုက်သင့်သော ကြင်နာယုယမှု ကို မပေး၊ ခေါင်းဆောင်မှု မကောင်းသော မိသားစုသည် စီးပွားရေး၊ လူမှု ရေး မပြေလည်၊ အရှက်ရစရာ များ ၊ အခက်ပြဿ နာများ ကြုံရတတ်၏ ။

အဓိကကား ခေါင်းဆောင်မှု အရည်အသွေးပင်ဖြစ်၏ ။ လူသည် တစ်ဦးတစ်ယောက်တည်း အထီးထီးရပ်တည်မနေနိုင်။ လူနှင့်လူချင်း ပေါင်းသင်းကြရသည်။ သူငယ်ချင်း အချင်းချင်း ပေါင်း သင်းရသည်။ လင်မယားချင်း ပေါင်းသင်းရသည်။ ရပ်ရွာအတွင်း စုစည်းပေါင်းသင်းဆက်ဆံကြရ သည်။ ဤကဲ့သို့ ထိတွေ့ဆက်ဆံရသည်နှင့်ပင် ခေါင်းဆောင်နှင့် ငယ်သား ရှေ့သွားနှင့် နောက်လိုက်ရှိလာရ၏ ။ စစ်တပ်မှာ မှ စစ်ဗိုလ်နှင့် စစ်သားခေါင်းဆောင်နှင့် နောက်လိုက်ရှိရသည် မဟုတ်။ မည်သည့် အသင်းအပင်း အဖွဲ့အစည်းပင်ဖြစ်စေ ခေါင်းဆောင်နှင့် ငယ်သားသည် ရှိရစ မြဲ။ ဤနေရာတွင် သူက ခေါင်းဆောင်လုပ်၍ ထိုနေရာတွင် မိမိက ခေါင်းဆောင်ဖြစ်ချင်ဖြစ်မည်။ မှုသေမဟုတ်။

တောတောင်ကန္တာရကို ဖြတ်ကျော်ရစဉ်တွင် တောကျွမ်းသော မုဆိုးသည် ဦးစီးခေါင်းဆောင်ဖြစ်ပေလိမ့်မည်။ လှေ၊ သင်္ဘော၊ မော်တော်ဘုတ်တို့နှင့် သွားကြသည့်ခရီးတွင် အားလုံးသည် မာလိန်မှူး ဦးတည်ရာသို့ လိုက်ပါကြရသည်။ ကားတစ်စီးလုံးမှာ လူအရေအတွက် မည်မျှပင်ပါပါ ဤခရီးချောမောစွာ ရောက်ရှိရေးကား ကားဆရာ ယာဉ်မောင်းသူ၏ လက်ထဲမှာ ပဲ တည်နေသည်။ ကားဆရာ အမောင်းကျွမ်းကျင်သည်နှင့် အမျှ ခရီးတွင်မည်။ မူးကြောင်ရူးကြောင် နှင့် အတွေ့အကြုံ မရှိသော ယာဉ်မောင်းက တက်ပြီး စတီယာရင်ကို ကစားချင်သည်ဆိုသဖြင့် မောင်းခွင့်မပေးသင့်။ လမ်းချော်၍ ချောက်ထဲကျဖို့ရာ စိုးရိမ်ရသည်။

မိသားစု ခေါင်းဆောင်ဖြစ်စေ၊ စီးပွားရေး ခေါင်းဆောင်၊ စည်းရုံးရေးခေါင်းဆောင်၊ အုပ်ချုပ်ရေး ခေါင်းဆောင် ၊ မည်သည့်နယ်ပယ်မှာ ဦးစီးဦးဆောင်လုပ်ရသည်ပင်ဖြစ်စေ၊ ခေါင်းဆောင်မှု အတတ်သည် တတ်ကျွမ်းနားလည်အပ်သည်။ ကျေးရွာတစ်ရွာမှာ ဆယ်အိမ်ခေါင်း၊ ဆယ်အိမ်မှူး လည်း ခေါင်းဆောင်ပင် ဖြစ်၏ ။ တပ်ဖွဲ့တစ်ခုမှာ တပ်စိတ်မှူး လည်း ခေါင်းဆောင်ပဲ ဖြစ်၏ ။ ထိုခေါင်းဆောင်တို့အတွက် အတွေ့အကြုံလိုသည်။ အတွေ့အကြုံရှိလာသည်နှင့်အမျှ အမြော်အမြင်ရလာသည်။ ဤစာအုပ်သည် စာတွေ့အတွေ့အကြုံကိုပေးမည်။ သတင်းစာ၊

ဂျာနယ်၊ မဂ္ဂဇင်းများ စွာ ၌ စာရေးသူ ၁၅ နှစ်မျှရေးသားတင်ပြခဲ့သည့် ဆောင်းပါးများ အနက် ခေါင်း ဆောင်မှု အရည်အသွေးကို ခပ်ပါးပါးထည့်သွင်းဖော်ပြသော ဆောင်းပါးအချို့ ရှိလေသည်။ သင်ခန်းစာ၊ သင်တန်းပို့ချသကဲ့သို့ အတုံးလိုက် အတစ်လိုက် လေ့ကျင့်ခန်း (၁)၊ လေ့ကျင့်ခန်း(၂)ဟူ၍ တော့ စဉ်၍ မထား။

စစ်သည်တော်ဘဝ ၂၇ နှစ်သော ဖြတ်သန်းခဲ့ရသည့် ကာလအားလုံးသည် ခေါင်းဆောင်မှု အတွေ့အကြုံများ ကို လက်တွေ့ဆည်းပူးခွင့် ရခဲ့သည်။ ထိုစဉ်က အတုယူစရာ ဆောင်ရန်အချက် များ မြင်တွေ့ရသည်။ သတိပြုဆင်ခြင်စရာ ရှောင်ရန်အချက်များ လည်း ကြုံတွေ့ခဲ့ရသည်။ စစ်ဘက်ခေါင်းဆောင်မှု သည် လူတကာသိအောင် ပြောခွင့်မရှိ။ နယ်ပယ် အသီးသီးအတွက် အထောက်အကူရစေမည့် ယေဘုယျခေါင်းဆောင်မှု ပညာသည်ပင် နက်နဲကျယ်ဝန်းလှချေသည်။ မြစ်ပြင်ကို အလျားလိုက် ကူးရသကဲ့သို့ ဆုံးစမမြင်။

ဤစာအုပ်တွင် ခေါင်းဆောင်မှု အရည်အသွေးနှင့်ပတ်သက်၍ လက်တွေကအသုံးချရန် လေ့လာရှာဖွေသူများ အတွက် အထောက်အကူရမည့် ဆောင်းပါးများ ကို ရွေးချယ်စုစည်းထားပါ သည်။ အားလုံးသည် ကောင်းသည်ဟုမဆိုနိုင်သော်လည်း "ကျမ်းလျှောက်လျှင် မဆုံး၊ ကျမ်းပေါက်လျှင်တစ်လုံး" ဟူသော မြန်မာဆိုရိုးစကားရှိသည်နှင့်အညီ ဤစာအုပ်ထဲမှ တစ်လုံးတစ် ပါဒကို ကောင်းစွာ သိရှိ ထိုးထွင်းပြီး မြင် သွားပါက ကြီးမားစွာ အကျိုး ရပါစေမည်။ ထူးခြားအောင်မြင် စေနိုင်ပါသည်။

အနာဂတ်ကာလကို ပိုမိုသာယာလှပအောင် ထူထောင်တည်ဆောက်ကြရာ၌ လူငယ်များ အတွင်း ခေါင်းဆောင်မှု အရည်အသွေး ပြည့်ဝကြရန် လိုအပ်ပါသည်။ စာရေးသူသည် ထိုအဆောက်အအုံအတွက် သဲတစ်ဆုပ်၊ ရေတစ်မှုတ်၊ အုတ်တစ်ချပ် ပါဝင်လိုသည်။ လာမည့် တတိယထောင်စုနှစ်ကာလ၌ မြန်မာနိုင်ငံ ပြည်သူပြည်သားတို့သည် သူတစ်ပါးတို့ထက် အောက် မကျနောက်မကျသော လူသားတွေအဖြစ် ရောက်ကြပါစေသော. . .။

အဆင့်ဆင့်သော ခေါင်းဆောင်ကောင်းများ ကြောင့် လှပသာယာသော

အခြေအနေကို ဖန်တီးတည်ဆောက်နိုင်ကြပါစေဟု ထက်သန်စွာ ရည်စူးပါသည်။

ချစ်နိုင် (စိတ်ပညာ)

၆.၇.၉၉

# ဘဝကိုပေးသည့် စေတနာ၏ ခွန်အားများ

ပစ်ကြ ခတ်ကြ၊ တိုက်ကြ ခိုက်ကြသည့် အလုပ်သည် ကျွန်တော်၏ အသက်မွေးဝမ်းကျောင်းအလုပ်ပင်ဖြစ်၏ ။ ဤအလုပ်ဖြင့် ထမင်းစားရခြင်းဖြစ်၏ ။ တံငါသည် တံငါ အလုပ်ကို ကောင်းစွာ လုပ်၍ ငါးများများ ရပါမှ သူ့ဘဝ စားရေးဝတ်ရေး ချောင်လည်နိုင်သည်။ မုဆိုး သည် တောလိုက်သည့်အလုပ်ကို ကောင်းစွာ လုပ်၍ သားကောင်များများ ရပါမှ သူ့ဘဝ စိုပြေသည်။ စစ်သားအဖြစ် ကျွန်တော်၏ ဘဝကို မြှုပ်နှံခဲ့သဖြင့် အထက်က ပြည့်ွန်သော ဦးတည်ရန်သူကို မရမနေချေမှု န်းရှင်းလင်းရလေသည်။ ယင်းသည်မိမိ၏ အလုပ်ပင်။

ရန်သူဆိုသည်ကား ငါးလည်းမဟုတ်။

ရန်သူဆိုသည်မှာ သားကောင်းလည်းမဟုတ်။

သူလည်း လူပင်ဖြစ်သည်။ လက်နက်တွေလည်း ကိုင်ထားသည်။ ခဲယမ်းတွေလည်း ပိုင်ဆိုင် သည်။ အာဏာသည် သေနတ်ပြောင်းဝတွင် တည်သည်ဟု နားလည်ထားသူတွေဖြစ်သည်။ အသိ ဉာဏ်ရှိသည်။ စစ်ပညာချင်းယှဉ်ပြိုင်ရသည်။

သူ့အလစ်ကိုစောင့်၍ ကိုယ်ကတိုက်ရ၏ ။ ကိုယ့်အငိုက်ကိုဖမ်း၍ သူက အပိုင်တိုက်၏ ။ သူနိုင်လျှင် မိမိအသက်ပါပေးရမည်ဖြစ်၏ ။ အနည်းဆုံး သူနိုင်သွားလျှင် ပွဲရှုံးသဖြင့် တရားခံအဖြစ် မိမိကို ခုံရုံးတင်ခံရဖွယ်ရှိ၏ ။ ထို့ကြောင့် မိမိအသက် ဆက်လက်ရှင်သန်ခွင့်ရရေးအတွက် အမြဲတ စေ ရှန်းကန်လှုပ်ရှားကြိုး စားရပါ၏ ။ သူများ အိပ်ချိန်မှာ မအိပ်နိုင်ပါ။ လရောင်ကြယ်ရောင်ကို အဖော် ပြု၍ လှုပ်ရှားသွားလာရသည်။

အစားအသောက် ချွေတာခြိုး ခြံလျက် ထမင်း ၇ ရက်စားမည့် ရိက္ခာကို ဆန်ပြုတ် ၂၁ ရက် ကျိုသောက်ပြီးနေရသည့်အချိန်အခါမျိုး တွေလည်း ရှိ၏ ။ တစ်လလောက် ဆန့်ပြီးစားရသည်လည်း ရှိ၏ ။

ယခုအထိ လုံ့လ၊ ဝီရိယ၊ ဇွဲ၊ သတ္တိဖြင့် မိမိ၏ ဘဝအသက်တစ်ချောင်းကို

ရှင်အောင် ကြိုး စားပမ်းစား မွေးခဲ့ရပါကလားဟု သတိပြုမိ၏ ။ မြန်မာပြည်မှာ ထမင်းတစ်လုပ်ရှာစားဖို့ရာမျှ ဒီ လောက်ပင်ပန်းခက်ခဲစရာ လိုပါရဲ့ လားကွာဟု မေးစရာရှိ၏ ။

ကျွန်တော့်ကို ဒီအလုပ် လုပ်ကိုလုပ်ရမည်ဟု မည်သူကမှ အတင်းအကျပ် မစေခိုင်းခဲ့ပါ။ သူသတ်ရတာ ကို ဝါသနာပါလို့လည်းမဟုတ်။ သေနတ်ကိုင်ရတာ ကို ဂုဏ်ရှိတယ်ထင်လို့လည်း မဟုတ်။ ထမင်းငတ်လို့ စစ်ထဲဝင်လာခြင်းလည်း မဟုတ်ခဲ့ပါ။

တပ်မတော်ထဲဝင်ပြီး ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ တာဝန်တွေကို ထမ်းဖြစ်အောင် မိမိ၏ ယုံကြည်ချက်ကို စမ်းသပ်စမ်းပါဟု ရိုက်ခတ်လှုံ့ဆော်ခဲ့ကြသည်မှာ တက္ကသိုလ်က ကျောင်းနေ ဘက်များ ပင် ဖြစ်ပါသည်။ သူတို့ကိုကြည့်မြင်၍ အသိဝင်ခဲ့၏ ။

၁၉၆၆-၆၇ စာသင်နှစ်၊ ကျွန်တော် မန္တလေးတက္ကသိုလ် ပထမနှစ်တက်နေစဉ်မှာ ပင် တရုတ်မြန်မာ အရေးအခင်းပေါ်ပေါက်ခဲ့သည်။ ကျောင်းအချို့ ရှိ ကျောင်းသားလေးတွေက နိုင်ငံခြား ရှိ ပုဂ္ဂိုလ်တစ်ဦး၏ ရင်ထိုးရုပ်ပုံကို ကျောင်းမှာ ချိတ်လာကြသည်။ ဆရာ ဆရာမ များ က ကျောင်း စည်းကမ်းအရ တားမြစ်သောအခါ ဖီဆန်ဆန်ကျင်ကြသည်။ ရိုင်းစိုင်းကြမ်းတမ်းစွာ အော်ဟစ်ဆူပူ ကြသည်။ဟ...ဟုတ်ရဲ့ လား၊ ဟုတ်ပါသည်။ မင်းမြင်သလား။ ဟုတ်ကဲ့. . . ကျွန်တော်ကိုယ်တိုင် မြင်ပါသည်။ မန္တလေးမြို့၊ လမ်း ၈၀ ရှိ ယခင်က အမှတ်(၁၈)အထကဟု ၁၉၅၇ ခုနှစ်က အမည်ရ သော တရုတ်ကျောင်း၏ အပေါ်ထပ်ဘော်ဒါဆောင်မှာ ကျွန်တော်တို့နေခဲ့ရသည်။ အောက်ထပ်က အထက ကျောင်းပေပဲ။ အားလုံးကို ကျွန်တော့်မျက်စိနှင့် အတိအကျမြင်နေ ကြားနေရသည်။ မျက် နှာမသာယာသော ဆရာ ဆရာမ များ ကို သနားကြင်နာမိသည်။ စိတ်မကောင်းဖြစ်ကာ မျက်နှာညှိုး နေသော ကျောင်းအုပ်ကြီး၏ မျက်နှာကို ကျွန်တော် မြင်နေရသည်။

ဖြစ်စဉ်တွေကို ကျွန်တော် အနီးကပ်မြင်ခဲ့ရပါသော်လည်း ပြင်ပမှာ တော့ ဆရာ ဆရာမ တွေ ကပဲ ဤကျောင်းသားအချို့ ကို မတရားဖမ်းဆီးနှိပ်စက်နေသယောင်ယောင် အစိုးရကိုယ်တိုင်က ဆန်တွေရှား၊ ကုန်ဈေးနှုန်းတွေတတ်၊ လူထုက မကျေမနပ် အုံကြွကာနီးသဖြင့် နိုင်ငံခြားကို ရန်တိုက်ဖို့ရန် ရန်စပေးပြီး လူထုကို အာရုံလွှဲတာတဲ့။

ပြည်ပ အသံလွှင့်ဌာနတစ်ခုကလည်း နိုင်ငံတော်အစိုးရ အကြီးအကဲများ ၏ အမည်ကို ငါးစိမ်းသည်က ရန်တွေ့သကဲ့သို့ ရိုင်းစိုင်းစွာ အော်၍ ဆဲဆိုပုတ်ခတ်နေလေပြီ။ မီးခဲပြာဖုံး ဇာတိမာန်ကို ယပ်ခတ်ပေးသလို. ..။

ဤအချိန်တွင် အစိုးရမှာ းသည်။ ဗကပ မှန်သည်ဆိုပြီး သဘောထားထုတ်ဖော်သည့် ကျောင်းနေဘက်သူငယ်ချင်းအချို့ ကို အံ့သြစရာ ကိုယ့်ဘေးမှာ ပင်တွေ့လာရသည်။ အရောင် ခြယ်ထားသော သူ့မျက်လုံးတွင် ဖြစ်ရပ်မှန်များ ကို မမြင်။ တိုတိုဆိုရလျှင် သူတို့သည် လက်နက် ကိုင်တောခိုသည်အထိ ရောက်ရှိသွားခဲ့ကြ၏ ။ ဝါဒဖြန့်မှိုင်းကား ကြောက်စရာ...။ ရေဒီယိုမှ လာ သည့်လေလှိုင်း။

ဟာ- ကြည့်စမ်း. . . အမျိုး သားရေးအကျိုး စီးပွားထက် ပြည်ပအားကို ကိုးစားပြီး ရုပ်သေး သြဇာခံလုပ်လာခဲ့သော ပါတီကို ယုံယုံကြည်ကြည် လေးလေးမြတ်မြတ်နှင့် ဘဝစွန့်၍ တောင် ဒီ ကောင်တွေ ထောက်ခံပါကလား၊ အံ့အားသင့်စရာပဲ။

၆.၆.၁၉၆၆ ခုနှစ် ထိုရက်စွဲမှစပြီး ရှင်ဖယ်တစ်တောင့်ထိုးသေနတ်တွေ နေရာမှာ ဂျီ၃၊ ဂျီ၄ ခေါ် အော်တိုမစ်တစ် လက်နက်သစ်တွေဖြင့် တပ်မတော်သည် ပြင်ဆင်ဖွဲ့စည်းခဲ့လေပြီ။ ဒီဝိဇံခေါ် တပ်မတော်များ ကိုလည်း စွမ်းအားတိုးချဲ့ဖွဲ့စည်းခဲ့ချေပြီ။ တပ်မတော်သည် ခေတ်နောက်မကျ။ ထို့ ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီကို ရှေးယခင်ကထက် ပိုမိုထိရောက်စွာ ချေမှု န်းနိုင်စွမ်းရှိလာ လေသည်။ဗကပ ဗဟိုသည် တစ်ပြေးတည်းပြေး၍ လူသူဝေးရာ ရှောင်ပုန်းနေရတော့သည်။ စစ် ရေးအရ ကျဆုံးနေသကဲ့သို့ နိုင်ငံရေးအရလည်း ဝါးအစည်းပြေနေရသည်။

နိုင်ငံရေးအရ သင်တန်းတွေပေး၊ စိတ်ဓာတ်ရေးမြှင့်တင်ပေးမှု တွေ ထောက်ပံ့၊ လုပ်နေခဲ့ သည့် ပြင်ပအင်အားစုသည် ဗကပ ဗဟို ပဲခူးရိုးမ၌ အသက်ငွေ့ငွေ့မျှသာ ရှူ နိုင်တော့သည်ကို ဆက်မကြည့်နိုင်တော့ဘဲ ရုပ်ဝတ္ထုပစ္စည်းတွေပါ ကူညီထောက်ပံ့ပြီး အစွမ်းကုန် အကြီးအကျယ် “ဝင်၍ က” တော့သည်။

၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့သည် မြန်မာနိုင်ငံသမိုင်းတွင်

တပ်မတော်၏ သမိုင်းကို မှတ်ကျောက်တင်မည့်နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့မှစ၍ နှစ်ပေါင်း ၂၀ လုံးလုံး လူအား၊ ငွေအား၊ လက်နက်ကြီး၊ လက်နက်ငယ်၊ ခဲယမ်း၊ စစ်ပစ္စည်းစသည်တို့ဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီကြီး သည် လွတ်မြောက်သောနယ်မြေ ကြေငြာထိန်းချုပ်နိုင်ရန် ကြိုးစားခဲ့၏ ။ တပ်မတော်က ခုခံတွန်းလှန်ခဲ့ရ၏ ။

မူဆယ်ကို သိမ်းဖို့အကြိမ်ကြိမ်၊

ကွမ်လုံကို သိမ်းဖို့အခါခါ၊

သိန္နီကို ရယူရန် အဖန်ဖန်၊

လားရှိုးအထိ ထိုးဖောက်ဖို့ ကြိုးစားခဲ့ပါသေးသည်။(မြောက်ဗီယက်နမ်ဘက်မှ တောင်ဗီ ယက်နမ်ဘက်သို့ ထိုးဖောက်တိုက်ခိုက်ရာ၌ စံနမူနာပြ အောင်မြင်ခဲ့ဖူးသော တပ်မှူးကြီးတစ်ဦး ကိုယ်တိုင် ကွပ်ကဲပြီး လားရှိုးမြို့ကို ကွန်မန်ဒိုခရီးရှည် ချီတက်၍ လားရှိုးဘူတာအထိ ထိုဗကပတို့ ထိုးဖောက် တိုက်ခိုက်ခဲ့ပါ၏ ။ ခလရ (၅) အပါအဝင် မြန်မာ့တပ်မတော်က တွန်းလှန်ချေမှုန်းခဲ့ရာ ထိုနာမည်ကျော် စံပြတပ်မှူး ကိုယ်တိုင် ပန်ကျိုတိုက်ပွဲ၌ ကျဆုံးသွားခဲ့ရသည်ဆို၏ ။)

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝတစ်လျှောက်လုံးတွင် ကျောင်းပိတ်ရက်များ ၌ မေမြို့ (ယခု ပြင်ဦးလွင်) ရှိ သူငယ်ချင်း၏ အိမ်မှာ သွားလည်နေလေ့ရှိသည်။ သူ့အိမ်က ဘူတာနှင့် နီးသည်။ ဘူတာမှာ မြင်တွေ့ခဲ့ရသည့်မြင်ကွင်းများ မှာ ကြောက်စရာ လန့်စရာဖြစ်သည်။ လက်ပြတ် ခြေပြတ်စစ်သည်များ ၊ ဒဏ်ရာဒဏ်ချက်အမျိုး မျိုး ဖြင့် ပတ်တီးစဖြူဖြူ နီရဲအောင် သွေး တစိမ့်စိမ့်ထွက်ကျနေသော ဒဏ်ရာရရဲဘော်များ ၊ စစ်သည်တော်များ ၊ ရထားတွဲ အပြည့်။

ဩော် - ငါတို့တက္ကသိုလ်ကျောင်းသားတွေ မန္တလေးမှာ အေးအေးဆေးဆေး စာသင်နေနိုင် အောင် ဒီမောင်တွေက တောင်ကြောတောင်ကုန်းတွေပေါ်မှာ အသက်ပေးပြီး ခုခံကာကွယ်နေကြ ရတာ ပါကလား။ ငါဘွဲ့ရလို့ ကျောင်းကထွက်ရင် . . .

ငါ့သူငယ်ချင်းတွေက ပဲခူးရိုးမထဲဝင်သွားပြီး သေနတ်ကိုင်ရဲသေးရင်....

ဗကပ (အရှေ့မြောက်ဘက်ဒေသ) က

လက်ခမောင်းတဖြောင်းဖြောင်းခတ်လျက် နက်ဖြန် သဘက်ခါပဲ မေမြို့ သိမ်းတော့မည်။ နောက်လ မန္တလေး သိမ်းပိုက်တော့မည်။ စီမံချက်တွေ ရေးဆွဲ ထုတ်ပြန်ခဲ့သည်။ ထိတ်စရာ လန့်စရာ။ ဆရာ ဗန်းမော်တင်အောင် (၁၀၂၀ - ၁၉၇၈)က "လူတစ်ယောက်ရဲ့ တန်ဖိုးကို သူ ဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေး လိုက်တဲ့ သမိုင်းပေး တာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာ ပဲ" ဟု ဆိုမိန့်ခဲ့သည်။ သမိုင်းပေးတာဝန်။

ကျွန်တော်သည် ကျောင်းပြီးရင် ဘာလုပ်မလဲဟူသော အကြောင်းအရာကို တွေးလာရပြီ။ ကျွန်တော့်ချစ်သူကတော့ ကျွန်တော့်ကို အနုပညာသမားဟုပဲ မြင်သည်။ နိုင်ငံတော်၏ သေရေးရှင် ရေးကိစ္စဖြစ်လာသဖြင့် ကျွန်တော် စစ်ထဲ ဝင်ရမလားပဲဟုပြောလျှင်. . .

"နိုင်က အနုပညာသမားပဲ။ မန္တယ်ပြောရဲတယ်။ နိုင်ဟာ ကျောင်းဆရာရင်လည်းဖြစ်မယ်၊ စာရေးဆရာရင်လည်း ဖြစ်မယ်။ စစ်ဗိုလ်တော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ မန္တယ်"

"ဟာ - နိုင့် လက်ကလေးတွေက သွယ်သွယ်နုနုလေးတွေ၊ သိပ်နူးညံ့တယ်"

ဩော် - သူက လက္ခဏာဖတ်နေတာကိုး။ နှစ်ဦးစလုံး ဘွဲ့ရခဲ့ကြပြီး ကျွန်တော်ဗိုလ်သင်တန်းတက်ဖြစ်တော့ သူ တော်တော်အံ့သြသည်။ ဗိုလ်သင်တန်းဆင်းပြီးသော အခါ လားရှိုးဘက်မှာ ကျွန်တော့်ဘဝသစ် တစ်ဆစ်ချိုး စတင်သည်။ ကျောင်းသား ၂၃ နှစ်၊ စစ်သား ၂၃ နှစ်။ စစ်သားဘဝ၏ အစ။

တာဝန်ဖြင့် မန္တလေးသို့ရောက်သည်။ ကြေးညိုရင့် သပြေတစ်ခက်ဖြင့် ကျွန်တော့်ကို သူသည် ငေးကြည့်နေ၏ ။ နှုတ်ဆက်ရုံမျှသာ. . .

"မထင်မှတ်ဘဲကို ပြောင်းလဲသွားပြီနော်၊ နိုင်က စာသိပ်ဖတ်တာကိုး။

စိတ်ဓာတ်သိပ်ပြင်းလွန်းနေတယ်။ သတိဝီရိယရှိနော်”

ထိုနှစ်မှာ ပင် မန္တယ် မန္တလေး၌ ကွယ်လွန်သည်။ ကျွန်တော်ကား စစ်မြေပြင်၌ တိုက်ကြခိုက် ကြ သတ်ကြဖြတ်ကြသည့်အလုပ်ဖြင့် နှစ်ပေါင်း ၂၀ ကျော်လာခဲ့သည်။ စစ်သည် မကောင်းပါ။ စစ် ဆိုသည်မှာ ကြမ်းတမ်းလှသည်။ ရက်စက်လွန်းသည်။ ရိုင်းစိုင်းခက်ထန်လွန်းပါသည်။

ယမ်းခိုးနံ့၊ သွေးညှီနံ့၊

မီးလောင်ပြင်။

အလောင်းကောင်များ ။

ဒဏ်ရာရ လူနာများ ညည်းညူသံများ . ..။

ဆိုးရွားပြင်ထန်လှသဖြင့် ကြည်နူးစရာမရှိ။ သာယာပျော်ရွှင်ဖွယ်ရာမဟုတ်။ မတတ်သာလွန်းသဖြင့်သာ တိုက်ခိုက်ရခြင်းပါ။

“မတရားစစ်၊ ကျူး ကျော်စစ်ကြောင့်

စစ်မြစ်မပြတ်၊ ဤလူ့ရပ်ဝယ်

သေနတ်ကိုင်ရတုန်းပေကို”

နိုင်ငံကျော် ကဗျာဆရာတစ်ဦး ဖွဲ့ဆိုခဲ့သည့်အတိုင်းပင် ဖြစ်သည်။ မတရားသော ကျူး ကျော်စစ်ကို ကျွန်တော်တို့သည် တရားသောစစ်၊ ခုခံကာကွယ်ရေးစစ်ဖြင့် ချေမှုန်းရှင်းလင်းခဲ့ ကြရသည်။ ပင်ပန်းခက်ခဲစွာ ...။

ခေတ်မီလက်နက်ဆန်းတွေနှင့် ကျွန်တော်တို့ကို ခြိမ်းခြောက်အကျပ်ကိုင်၍ သူ့အလိုကျ လိုက်နာရမည်ဆိုပြီး ဩဇာပေးချင်သူတွေ ရှိလာသည်။ သူခိုင်းရာ မလုပ်လျှင်ဘဲ လောင်မီးကျပြီး ပြာပုံဘဝရောက်ရတော့မည်လိုလို။ ကျွန်တော်တို့ မတော်လှသော်ရှိ၊ မည့်ဖျင်းပါ။ နီးနီး - ဝေးဝေး၊ ကြီးကြီး - သေးသေး။ မည်သူ့ကိုမှ ဒူးထောက်အောက်ကျို့ စရာ မလိုပါ။ ခြောက်တိုင်း ကြောက်သည့်လူမျိုး မဟုတ်။

အမျိုး သားနိုင်ငံတော်ကို ယခုကဲ့သို့ ရှင်သန်ရပ်တည်နိုင်အောင် နှစ်ပေါင်းများစွာ ကာလရှည်ကြာ ဝေဒနာခံစားလျက် သွေးအသက်ပေါင်းများ စွာ ပေးဆက်အပ်နှင်းပြီး ကာကွယ်ထူ ထောင်ခဲ့ကြရသည်ကို နားမလည်။ မစာနာတတ်သော အချို့ သူတို့ကိုလည်း ယခုအခါ တွေ့လာ ရသည်။ စိမ်းကားလိုက်လေနော်။

မသေလို့ တွေ့ခွင့်ရသည့် ကျွန်တော်တို့ဘဝကို နည်းနည်းပါးပါး နားလည်စာနာစေလိုပါ သည်။ ကျွန်တော်တို့သည် ဘယ်သူ့ကိုမှ မမုန်းပါ။ ဂုံးချောမှု အမျိုး မျိုး ကိုလည်း ပြေအောင် ကြိုး စား ခဲ့ကြပါပြီ။ သွေးထိုးမှု အမျိုး မျိုး ကိုလည်း နားမယောင်ကြတော့ပါ။ ကိုယ့်လူမျိုး ကို ဘယ်သူကမှ အခမဲ့မကူ။

ကျွန်တော်တို့ဘဝတစ်သက် နှစ်ပေါင်း ၄၀ ကျော်မှာ မျက်မှော င်ခေတ်လောက် နိုင်ငံတော်၏ သြဇာအာဏာစက် ပျံ့နှံ့ငြိမ်းချမ်းလုံခြုံသော ကာလမရှိခဲ့သေးပါ။ ဤသို့ဖြစ်လာစေ ရန် ကျွန်တော်တို့ သွေးတွေ ပေးဆက်အပ်နှင်းပြီး ကာကွယ်ခဲ့ရပါသည်။ ဟုတ်ကဲ့ - ကံပေးလို့ မသေသေးဘဲ ကျန်ရစ်သူတွေပါ။

စကားတစ်ခွန်းမျှသာ ပြောချင်ပါ၏ ။ “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါတို့၏ အသက်ကို စွန့်လှူရန် အဓိဋ္ဌာန်ပြု၍ ” ထမ်းဆောင်ခဲ့ကြ၏ ။

“ဤစေတနာ၏ ခွန်အားများ ” ကို နားလည်ကြပါစေသော်...။ ။